ဆုံဆို့နာ၊
မေးခိုင်ရောဂါနှင့်
ကြက်ညှာချောင်းဆိုး

# ကာကွယ်ဆေးများ

## သိသင့်သည့်အချက်များ

ကာကွယ်ဆေးနဲ့ပတ်သက်တဲ့အချက်အလက် အများအပြားကို စပဲနစ်ရှ်နဲ့ တခြားဘာသာစကားတွေနဲ့ ရေးထားတာတွေရှိပါတယ်။ www.immunize.org/vis မှာ ကြည့်ပါ။

## 1 ကာကွယ်ဆေး ဘာလို့ထိုးသလဲ။

**ဆုံဆို့နာ၊ မေးခိုင်ရောဂါနဲ့ ကြက်ညှာချောင်းဆိုးတို့ဟာ ဘက်တီးရီးယားကြောင့်ဖြစ်တဲ့ အန္တရာယ်ကြီးတဲ့ ရောဂါတွေ ဖြစ်ပါတယ်။** ဆုံဆို့နာနဲ့ ကြက်ညှာချောင်းဆိုးတို့ဟာ လူတယောက်က တယောက်ကို ကူးပါတယ်။ မေးခိုင်ရောဂါပိုးက ကိုယ်ခန္ဓာထဲကို ထိခိုက် ရှနာတို့ကတဆင့် ဝင်ပါတယ်။

**ဆုံဆို့နာ**ကြောင့် လည်ချောင်းအနောက်ထဲမှာ အမြှေးထူတခု ဖုံးအုပ်နေပါတယ်။

- ဒါကြောင့် အသက်ရှူရခက်ခဲတာတွေ၊ သွက်ချာပါဒလိုက်တာ၊ နှလုံးခုန်ရပ်တာနဲ့ သေတာတို့တောင် ဖြစ်နိုင်ပါတယ်။

**မေးခိုင်ရောဂါ (တဲတနပ်စ်)** ကြောင့် ကြွက်သားတွေ သာမန်အားဖြင့် တကိုယ်လုံး တင်းပြီးနာတာတို့ ဖြစ်ပါတယ်။

- ဒါကြောင့် မေး "ခိုင်"သွားပြီး ဝေဒနာရှင်က ပါးစပ်မဖွင့်နိုင် မြိုမချနိုင် ဖြစ်နိုင်ပါတယ်။ မေးခိုင်ရောဂါဖြစ်သူ 10 ရောက်မှာ 2 ယောက်အထိ သေဆုံးပါတယ်။

**ကြက်ညှာချောင်းဆိုး (ပယ်တုစီးစ်)** ကြောင့် ချောင်းအရမ်းဆိုးပြီး မွေးကင်းစတွေ စားရသောက်ရာမှာ ဒါမှမဟုတ် အသက်ရှူရာမှာ အခက်အခဲ ရှိပါတယ်။ ဒီလိုဖြစ်တာ အပတ်ပေါင်းများစွာ ကြာနိုင်ပါတယ်။

- ဒီလိုဖြစ်လို့ အဆုတ်အအေးမိတာ၊ တက်တာ (ကြွက်သားတွေ ရုန်းပြီး တနေရာတည်းစိုက်ကြည့်နေတာတွေ)၊ ဦးနှောက်ထိခိုက်တာနဲ့ သေတာတို့ ဖြစ်နိုင်ပါတယ်။

**ဆုံဆို့နာ၊ မေးခိုင်နဲ့ ကြက်ညှာချောင်းဆိုး (DTaP) ကာကွယ်ဆေးက ဒီရောဂါတွေကို ကာကွယ်ရာမှာ အထောက်အကူ ဖြစ်နိုင်ပါတယ်။** DTaP ကာကွယ်ဆေးထိုးထားတဲ့ကလေးတွေက ကလေးဘဝတလျှောက်လုံး အကာအကွယ်ရထားပါတယ်။ ဒီကာကွယ်ဆေးတွေ မထိုးပေးတော့ရင် ကလေးတွေအများကြီး ဒီရောဂါတွေ ရပါမယ်။

DTaP က DTP လို့ခေါ်တဲ့ အရင်ကဆေးထက် ပိုအန္တရာယ် ကင်းပါတယ်။ DTP ကို အမေရိကန်နိုင်ငံမှာ မသုံးတော့ပါဘူး။

## 2 ဘယ်သူ DTaP ထိုးရမလဲ။ ဘယ်တော့ ထိုးရမလဲ။

**ကလေးတွေ**က အောက်ပါအရွယ်တွေမှာ တကြိမ်စီ DTaP ကာကွယ်ဆေး 5 ကြိမ် ထိုးရပါမယ်။

✓ 2 လ ✓ 4 လ ✓ 6 လ

✓15 လ က 18 လ ✓ 4 နှစ် က 6 နှစ်

တခြားကာကွယ်ဆေးတွေ ထိုးတဲ့အချိန်မှာပဲ DTaP ထိုးနိုင်ပါတယ်။

## 3 တချို့ကလေးတွေကို DTaP ကာကွယ်ဆေး မထိုးသင့်ပါဘူး၊ ဒါမှမဟုတ် စောင့်ပြီး နောက်မှ ထိုးသင့်ပါတယ်။

- အအေးမိတာလို အသေးအဖွား ဖျားနာတဲ့ကလေးတွေကို ကာကွယ်ဆေးထိုးနိုင်ပါတယ်။ ဒါပေမဲ့ အတော်အသင့် ဒါမှမဟုတ် အရမ်းဖျားနေတဲ့ကလေးကိုတော့ နေကောင်းတဲ့အထိစောင့်ပြီးမှ DTaP ကာကွယ်ဆေး ထိုးလေ့ရှိပါတယ်။
- DTaP တကြိမ်ထိုးပြီး အသက်အန္တရာယ်ရှိလောက်အောင် မတည့်တဲ့ကလေးကိုတော့ နောက်တကြိမ် မထိုးသင့်ပါဘူး။
- DTaP တကြိမ်ထိုးပြီး 7 ရက်အတွင်း ဦးနှောက် ဒါမှမဟုတ် နာဗ်ကြောရောဂါဖြစ်တဲ့ကလေးကို နောက်တကြိမ် မထိုးရပါဘူး။
- ဆရာဝန်နဲ့ ပြောပါ။
  - DTaP တကြိမ်ထိုးပြီး တက်ရင် ဒါမှမဟုတ် လဲခွေသွားရင်၊
  - DTaP တကြိမ်ထိုးပြီး 3 နာရီ ဒါမှမဟုတ် 3 နာရီကျော်အောင် မရပ်မနား ငိုရင်၊
  - DTaP တကြိမ်ထိုးပြီး အပူချိန် 105 ဒီဂရီကျော် ရှိရင် ဆရာဝန်နဲ့ ပြောပါ။

အချက်အလက်ပိုမိုသိလိုပါက ဆရာဝန်ကို မေးပါ။
တချို့ကလေးတွေကို ကြက်ညှာချောင်းဆိုးကာကွယ်ဆေး နောက်တကြိမ် မထိုးပေးရပေမဲ့ **DT** လို့ခေါ်တဲ့ ကြက်ညှာချောင်းဆိုး မပါတဲ့ ကာကွယ်ဆေးထိုးပေးနိုင်ပါတယ်။

## 4 ပိုကြီးသည့်ကလေးများနှင့် အရွယ်ရောက်သူများ

ဆယ်ကျော်သက်တွေ၊ အရွယ်ရောက်သူလူကြီးတွေ (သို့) အသက် 7 နှစ်နဲ့အထက် ကလေးတွေအတွက် DTaP ထိုးခွင့် မရှိသေးပါဘူး။

ဒါပေမဲ့ အသက်ကြီးသူတွေက ကာကွယ်မှုလိုပါတယ်။ **Tdap** လို့ခေါ်တဲ့ ကာကွယ်ဆေးက DTaP နဲ့ ဆင်ပါတယ်။ အသက် 11 နှစ်က 64 နှစ်အရွယ်တွေအတွက် Tdap တကြိမ်ထိုးဖို့ အကြံပြုထားပါတယ်။ **Td** လို့ခေါ်တဲ့ ကာကွယ်ဆေး နောက်တမျိုးက မေးခိုင်နဲ့ ဆုံဆို့နာကို ကာကွယ်ပေမဲ့ ကြက်ညှာချောင်းဆိုးကို မကာကွယ်ပါဘူး။ သူ့ကို 10 နှစ် တခါ ထိုးဖို့ အကြံပြုထားပါတယ်။ ဒီကာကွယ်ဆေးတွေအတွက် ကာကွယ်ဆေးအချက်အလက်တွေ သပ်သပ် ရှိပါတယ်။

## 5 DTaP ကာကွယ်ဆေးမှာ ဘယ်လိုအန္တရာယ်တွေ ရှိသလဲ။

ဆုံဆို့နာ၊ မေးခိုင်၊ ဒါမှမဟုတ် ကြက်ညှာချောင်းဆိုးရောဂါတွေဖြစ်တာက DTaP ကာကွယ်ဆေးထိုးတာထက် အန္တရာယ် ပိုကြီးပါတယ်။

ဒါပေမဲ့ တခြားဆေးတွေလိုပဲ ကာကွယ်ဆေးဟာလည်း ဆေးနဲ့ မတည့်တာလို ကြီးမားတဲ့ ပြဿနာတွေ ဖြစ်စေနိုင်ပါတယ်။ DTaP ကာကွယ်ဆေးကြောင့် ကြီးလေးတဲ့အန္တရာယ် ဒါမှမဟုတ် သေဆုံးတာတို့ အရမ်းဖြစ်ခဲပါတယ်။

### (ဖြစ်လေ့ရှိသည့်) သေးငယ်သောအန္တရာယ်များ

- ကိုယ်အပူချိန်တက်တာ (ကလေး 4 ယောက်မှာ 1 ယောက်လောက်အထိ)
- ဆေးထိုးတဲ့နေရာမှာ နီတာ ဒါမှမဟုတ် ရောင်တာ (ကလေး 4 ယောက်မှာ 1 ယောက်လောက်အထိ)
- ဆေးထိုးတဲ့နေရာမှာ အနာဖြစ်တာ နာတာ (ကလေး 4 ယောက်မှာ 1 ယောက်လောက်အထိ)

ဒီပြဿနာတွေက စောစောပိုင်းက DTaP ဆေးတွေ ထိုးတာတွေထက်စာရင် လေးကြိမ်မြောက် ဒါမှမဟုတ် ငါးကြိမ်မြောက် ထိုးတဲ့အခါမှာ ပိုဖြစ်လေ့ရှိပါတယ်။ တခါတလေ လေးကြိမ်မြောက် ဒါမှမဟုတ် ငါးကြိမ်မြောက် DTaP ကာကွယ်ဆေးထိုးပြီးတဲ့အခါ 1 ရက်က 7 ရက်ကြာအောင် (ကလေး အယောက် 30 မှာ 1 ယောက်လောက်အထိ) ဆေးထိုးထားတဲ့ လက်တခုလုံး ဒါမှမဟုတ် ခြေထောက်တခုလုံး ရောင်တတ်ပါတယ်။

**တခြားသေးငယ်တဲ့ပြဿနာတွေထဲမှာ**

- ဂျီကျတာ (ကလေး 3 ယောက်မှာ 1 ယောက်လောက်အထိ)
- မောတာ ဒါမှမဟုတ် အစားအသောက်ပျက်တာ (ကလေး 10 ယောက်မှာ 1 ယောက်လောက်အထိ)
- အန်တာ (ကလေး အယောက် 50 မှာ 1 ယောက်လောက်)စတာတို့ ပါပါတယ်။

ဆေးထိုးပြီး 1 ရက်က 3 ရက် အတွင်း ဒီပြဿနာတွေ ဖြစ်တတ်ပါတယ်။

### (ဖြစ်ခဲသည့်) မပြင်းထန်သည့် ပြဿနာများ

- တက်တာ (ကြွက်သားတွေ ရှန်းပြီး တနေရာတည်းစိုက်ကြည့်နေတာ) (ကလေး အယောက် 14,000 မှာ 1 ယောက်လောက်)
- 3 နာရီ ဒါမှမဟုတ် ၃နာရီကျော်ကြာ မရပ်မနား ငိုတာ (ကလေးအယောက် 1,000 မှာ 1 ယောက်လောက်အထိ)
- 105 ဒီဂရီဖာရင်ဟိုက်ကျော် ကိုယ်အပူချိန်အရမ်းမြင့်တာ (ကလေးအယောက် 16,000 မှာ 1 ယောက်လောက်)

### (အလွန်ဖြစ်ခဲသည့်) ပြင်းထန်သည့် ပြဿနာများ

- ပြင်းပြင်းထန်ထန် ဆေးနဲ့မတည့်တာ (အကြိမ် တသန်းဆေးထိုးရာမှာ တကြိမ်အောက်)
- DTaP ကာကွယ်ဆေးထိုးရာက
  တခြားကြီးလေးတဲ့ပြဿနာတွေဖြစ်တတ်ပါတယ်။ ဒါတွေထဲမှာ
  - ရေရှည် တက်တာ၊ ရေရှည် မေ့မြောတာ၊ ဒါမှမဟုတ် သတိရှိနေမှု လျော့နည်းသွားတာ
  - ရာသက်ပန် ဦးနှောက်ထိခိုက်တာတို့ ပါပါတယ်။

  ဒါတွေက ဖြစ်ခဲလွန်းလို့ ကာကွယ်ဆေးကြောင့် ဖြစ်တာ ဟုတ်မဟုတ် ပြောဖို့ ခက်ပါတယ်။

---

ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် တက်ဖူးတဲ့ကလေးတွေကို ကိုယ်အပူချိန်ထိန်းဖို့ အထူးအရေးကြီးပါတယ်။ မိသားစုထဲက တခြားလူတွေ တက်ဖူးရင်လည်း အရေးကြီးပါတယ်။ ဆေးထိုးတဲ့အခါနဲ့ ထိုးပြီး 24 နာရီအတွက် ကလေး ကိုယ်အပူချိန်ကျအောင့် နာတာ သက်သာအောင် *အက်စပရင်မပါတဲ့ဆေး*ကို ဆေးထုပ်မှာပါတဲ့ ညွှန်ကြားချက်အတိုင်း တိုက်နိုင်ပါတယ်။

## 6 ဆေးနဲ့ အသင့်အတင့် ဒါမှမဟုတ် အကြီးအကျယ် မတည့်ရင် ဘာလုပ်ရမလဲ။

### ဘာတွေ ရှာရမလဲ။

ဆေးနဲ့အကြီးအကျယ်မတည့်တာ၊ ကိုယ်အပူချိန် အရမ်းမြင့်တာ (သို့) ထူးခြားတဲ့အပြုအမူ စတာတွေလို ခါတိုင်းနဲ့မတူတဲ့ အခြေအနေတွေ။ ကာကွယ်ဆေးတခုခုနဲ့ အကြီးအကျယ်မတည့်တာက အရမ်းဖြစ်ခဲပါတယ်။ ဖြစ်ရင် ဆေးထိုးပြီးတာနဲ့ မိနစ်အနည်းငယ်က နာရီအနည်းငယ် အတွင်း ဖြစ်ပါမယ်။ လက္ခဏာတွေထဲမှာ အသက်ရှူရ ခက်တာ၊ အသံကွဲရှတာ (သို့) အသက်ရှူရင် ခွဲသလိပ်သံပါတာ၊ အင်ပြင်ထတာ၊ ဖြူဖတ်ဖြူလျော်ဖြစ်တာ၊ အားနည်းတာ၊ ရင်ခုန်တာမြန်တာ (သို့) ခေါင်းမူးတာ။ ကိုယ်အပူချိန်အရမ်းမြင့်တာ (သို့) အကြောဆွဲပြီးတက်တာတို့ ဖြစ်ရင် ဆေးထိုးပြီး တပတ်အတွင်း ဖြစ်လေ့ရှိပါတယ်။

### ဘာလုပ်ရမလဲ။

- ဆရာဝန်ဆီ **တယ်လီဖုန်းဆက်ပါ။** ဒါမှမဟုတ် လူနာကို ဆရာဝန်ဆီ ချက်ချင်းခေါ်သွားပါ။
- ဘာဖြစ်သလဲ၊ ဘယ်နေ့ ဘယ်အချိန်မှာ ဖြစ်သလဲ၊ ကာကွယ်ဆေး ဘယ်တုန်းကထိုးသလဲဆိုတာ ဆရာဝန်ကို **ပြောပါ။**
- သင့်ဆရာဝန်၊ သူနာပြု (သို့) ကျန်းမာရေးဌာနကို ကာကွယ်ဆေးနဲ့ မတည့်တဲ့အဖြစ်အပျက် အစီရင်ခံတဲ့စနစ် (Vaccine Adverse Event Reporting System, VAERS) ပုံစံ ဖြည့်ပြီး ဒီတုံ့ပြန်မှုကို အစီရင်ခံ **ခိုင်း**ပါ။

  ဒါမှမဟုတ် VAERS ရဲ့ အင်တာနက်ဝက်ဘ်ဆိုဒ် **www.vaers.hhs.gov** သွားပြီး ဒါမှမဟုတ် **1-800-822-7967** ကို တယ်လီဖုန်းဆက်ပြီး သင်ကိုယ်တိုင် တိုင်ကြားနိုင်ပါတယ်။

  *VAERS က ကျန်းမာရေးဆိုင်ရာ အကြံပေးချက်တွေ မလုပ်ပါဘူး။*

## 7 နိုင်ငံတော် ကာကွယ်ဆေးထိခိုက်မှု လျော်ကြေးအစီအစဉ်

ဖြစ်ခဲတဲ့အခြေအနေတရပ်မှာ သင် (သို့) သင့်ကလေးက ကာကွယ်ဆေးတခုခုနဲ့ အကြီးအကျယ် မတည့်တာဖြစ်ရင် ထိခိုက်သွားသူတွေကို ကုသမှုအတွက် ကုန်ကျစရိတ် ကူညီပေးဖို့ နိုင်ငံတော်အစီအစဉ်တရပ် ဖန်တီးထားပါတယ်။

နိုင်ငံတော် ကာကွယ်ဆေး ထိခိုက်မှုလျော်ကြေး အစီအစဉ်အတွက် (National Vaccine Injury Compensation Program) အသေးစိတ်အချက်အလက်တွေအတွက် **1-800-338-2382** ကို ဆက်ပါ (သို့) ဒီအစဉ်ရဲ့ အင်တာနက် စာမျက်နှာ **www.hrsa.gov/vaccinecompensation** မှာ ကြည့်ပါ။

## 8 ဒီအကြောင်း ဘယ်လို ပိုသိနိုင်မလဲ။

- သင့်ကို ကျန်းမာရေးစောင့်ရှောက်ကုသပေးသူကို မေးပါ။ သူတို့က ကာကွယ်ဆေးအထုပ်ထဲမှာထည့်ထားတဲ့အချက်အလက်တွေ (သို့) အချက်အလက်တွေရနိုင်တဲ့ တခြားနေရာတွေကို အကြံပေးနိုင်ပါတယ်။
- သင့်ရဲ့ဒေသခံ (သို့) ပြည်နယ် ကျန်းမာရေးဌာနရဲ့ ကာကွယ်ဆေးအစီအစဉ်ကို ဖုန်းဆက်ပါ။
- ရောဂါထိန်းသိမ်းရေးနှင့်ကာကွယ်ရေးဌာန (Centers for Disease Control and Prevention, CDC) ကို ဆက်သွယ်ပါ။
  - **1-800-232-4636 (1-800-CDC-INFO)** ကို တယ်လီဖုန်းဆက်ပါ။
  - နိုင်ငံတော် ကာကွယ်ရေးအစီအစဉ်ရဲ့ အင်တာနက်စာမျက်နှာ **www.cdc.gov/vaccines** ကို ကြည့်ပါ။

**U.S. DEPARTMENT OF HEALTH & HUMAN SERVICES**
Centers for Disease Control and Prevention


Vaccine Information Statement
DTaP - Burmese (5/17/07) 42 U.S.C. § 300aa-26
Translated by Transcend, Davis, CA www.transcend.net